**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ (၃၁. ၁၀. ၂၀၁၁) ရက်နေ့တွင် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ **" ကျွန်းနှင့်သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ိ/-)ခန့် ကောက်ယူနိုင်ပါ ကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (၄က်သိုက် ပြည်နယ်တွင်မရှိပါ၊ သစ်မွေးပင်သာရှိပြီး အဆီထုတ်နိုင်သော သစ်မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း "** အဆိုအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမိုးကြည် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမဲ့ အဆိုကတော့ **" ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (၄က်သိုက် ပြည်နယ်တွင်မရှိပါ၊ သစ်မွေးပင်သာရှိပြီး အဆီထုတ်နိုင်သော သစ်မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန် ကောက်ယူသင့်ပါကြောင်း "** အဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။

**ထောက်ခံဆွေးနွေးတင်ပြသူ။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေရှင်။ ကျွန်မကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် တင်သွင်းသော **" ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရ အနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါးများကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့် ပါကြောင်း"**အဆိုကို ထောက်ခံအပ်တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းမိုးကြည် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးစိုင်းမိုးကြည် ၏ **" ကျွန်းနှင့် သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (၄က်သိုက် ပြည်နယ်တွင်မရှိပါ၊ သစ်မွေးပင်သာ ရှိပြီး အဆီထုတ်နိုင်သော သစ်မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း "** အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ ဆန္ဒရယူ ပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။" အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါ သလား "

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောမတူသည့် ကိုယ်စားလှယ်မရှိပါ။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး

ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းကြရန် ဖြစ်ပါတယ်။ အဆိုကို (၁-၁၁-၂၀၁၁)ရက် (အင်္ဂါနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁. ၁၁. ၂၀၁၁) ရက်နေ့တွင် အဆိုကို ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီးကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပထမနေ့မှာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က ကျွန်းနှစ်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်) ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး ကြိမ်၊ ဝါးများကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း အဆိုကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ် ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း(သစ်တော၊သတ္တုဝန်ကြီး)။**

လေးစားအပ်ပါသောပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျားမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အစည်းဝင် သစ်တောသတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ တင်သွင်းသော အဆိုနှင့်ပတ်သတ်၍ ကျွန်တော်ဦးစိုင်းအိုက်ပေါင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်းနှင့်သစ်မာများကိုလည်း ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀၀ိ/-) ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး(ငှက်သိုက်ပြည်နယ်တွင်မရှိပါ၊ သစ်မွှေးပင်သာရှိပြီး အဆီထုတ်နိုင်သော သစ်မရှိပါ)များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ကျွန်းသစ်မာများကို ပြည်နယ်အစိုးရအနေဖြင့် သစ်(၁)တန်လျှင်(၃၀၀၀၀ိ/-) ခန့် ကောက်ယူရမည်ဆိုပါက ပြည်သူများအပေါ် ဝန်ပိနိုင်ပါသဖြင့် သစ် (၁)တန် လျှင် (၁၀၀၀၀ိ/-) ခန့်သာကောက်ယူသင့်ပါကြောင်း၊ ကျန်သစ်တောထွက် ပစ္စည်းများအပေါ် အခွန်ငွေကောက်ခံရန် နှုန်းထားများအား ယခင်နှုန်းထားထက်ပိုမိုကောက်ခံရန် ပြင်ဆင်ထားကြောင်းဖြေကြား တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က အဆိုတင်သွင်းသော ကျွန်းနှင့်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်) ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ထင်းရှူးမီးသွေးကြိမ်၊ ဝါးများကို ပစ္စည်း၏တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီး၊ အဆိုတင်သွင်းသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က ပြန်ကြားဆွေးနွေးပေးဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းခဲ့သော ကျွန်းနှင့်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်)ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေးကြိမ်၊ ဝါးများကို ပစ္စည်း၏တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း အဆိုကိုပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းမိုးကြည် အဆိုနှင့်ပတ်သက်၍

၄င်းမှပြန်လည်ရုပ်သိမ်းရန်၊ လွှတ်တော်သို့ တင်ပြလာပါသဖြင့် ၄င်းအဆိုအား ရုပ်သိမ်းခွင့်ပြုရန် -
**( သဘောတူပါသလားခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။ )**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့ အတွက် ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို ရုပ်သိမ်းရန် ပြည်နယ်လွှတ်တော်မှ သဘောတူကြောင်းကြေညာပါတယ်။